မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144, Mae Sod Post Office, Tak Province 63110, Thailand; Tel/Fax (66) 055-542910
E-mail: blcsan@ksc.th.com; Website: www.blc-burma.org

# ထိုင်း–မြန်မာ နှစ်နိုင်ငံသဘောတူညီချက်အရ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအပေါ် သဘောထားထုတ်ပြန်ကြေငြာချက် (၁)

၁။ မြန်မာစစ်အစိုးရနှင့် ထိုင်းအစိုးရတို့ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပူးပေါင်းဆောင်ရွက်သော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် တရားဝင်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအစီအစဉ်ကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ ၂၀၀၉ ခုနှစ်၊ ဖေဖေါ်ဝါရီလအထိ ပြုလုပ်သွားမည်ဟု ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့ထုတ် ထိုင်းသတင်းစာတွင်ဖေါ်ပြသွားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် နိုင်ငံသားစိစစ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ခရိုင်အသီးသီးရှိ လုပ်ငန်းစီမံခန့်ခွဲရေးရုံးမှတဆင့် ထိုင်းအလုပ်ရှင်များသည် ၄င်းတို့၏ မြန်မာအလုပ်သမားများစာရင်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်း၊ ထိုစာရင်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ မြန်မာသံရုံးကိုပေးပို့ပြီး ထိုမှတဆင့် မြန်မာစစ်အစိုးရမှ လက်ခံကာ၊ နိုင်ငံသားဟုတ်မဟုတ် စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂။ တရားဝင်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအစီအစဉ်တွင် ပထမအဆင့်ဖြစ်သော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သည် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အလွန်အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ အများစုနှင့်၊ ထိုင်းနိုင်ငံရောက် မြန်မာတိုင်းရင်းသားအများစုတို့မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိကြဘဲ ရွှေ့ပြောင်းလာရောက်အလုပ်လုပ်နေကြပေသည်။ ထို့ပြင် ထိုင်းအလုပ်သမား ရှာဖွေရေးရုံးမှ ထုတ်ပေးသော မြန်မာအလုပ်သမားများ ဖြည့်စွက်ရမည့်ပုံစံ၌လည်း အဓိကသတိပြုရမည့်အချက်မှာ နိုင်ငံသားစိစစ်ရေးကဒ်နံပါတ်ဖြစ်သည်။ ထို့ကြောင့် မြန်မာစစ်အစိုးရ အနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် မြန်မာတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကဒ်ထုတ်ပေးရေးအစီအစဉ်ကို ဦးစွာ လုပ်ဆောင်ရန် လိုအပ်ပေသည်။

၃။ နိုင်ငံသားဖြစ်ခြင်းကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ (ဥပဒေအမှတ်–၄/၈၂) အရ ဆုံးဖြတ်ရပါသည်။ ယင်းဥပဒေနှင့်အညီ သတ်မှတ်ခြင်းခံရသည့် နိုင်ငံသားများ၊ နိုင်ငံသားဖြစ်သွားကြမည့် ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို နိုင်ငံသားစိစစ်ရေးကဒ် ထုတ်ပေးရမည်မှာ မြန်မာစစ်အစိုးရ၏ တာဝန်ဖြစ်သည်။

၄။ ထိုကြောင့် မြန်မာစစ်အစိုးရအား အောက်ပါအချက်အလက်များကို အမြန်ဆုံးအကောင်အထည်ဖေါ်ပေးပါရန် တောင်းဆိုလိုက်ပါသည်။

(၁) ထိုင်းနိုင်ငံ ရောက်ရှိနေသောမြန်မာရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မြန်မာတိုင်းရင်းသားများကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်မဖြစ် စိစစ်ပြီး တရားဝင်နိုင်ငံသား စိစစ်ရေးကတ်ပြားများ အမြန်ဆုံးထုတ်ပေးရန်၊

(၂) ထိုသို့လုပ်ဆောင်ရာတွင် လာဘ်စားမှု၊ ချစားမှု မရှိအောင် တိကျစွာအကောင်အထည်ဖေါ်ရန်နှင့် လုပ်ငန်းစဉ်ကို တပြည်လုံးသိအောင်ကြေငြာရန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြားများအပေါ် အခြေခံပြီး ရွှေ့ပြောင်းအလုပ်သမားများအတွင်း တရားဝင်နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရန်၊

နေ့စွဲ။ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်

အသေးစိတ်သိလိုလျှင် ဆက်သွယ်ရန် –
ဦးအောင်ထူး၊ ဖုန်းနံပါတ် – ၀၈၁ ၅၃၃ ၀၆၀၅